အခြေအနေ သက်တမ်း စသည်တို့ကို သိရှိနားလည် သူ အလွန်နည်းလှသည်။

ထိုသို့ နည်းလှသည့်အတွက်ကြောင့်လည်း ယနေ့ လူသားများစွာတို့သည် လောဘ၊ ဒေါသ၊ မောဟ တရားတွေ လွှမ်းမိုး ကဲမောက်ပြီး အကုသိုလ် မကောင်းမှုတွေကို မရှက် မကြောက် ပြုနေကြပါသည်။ သံသရာနောင်ရေး တွေးကြည့် မိကြပါက အလွန်ပင် ကြောက်စရာ ကောင်းလှပါသည်။ သက်တမ်း (၉၀)၊ (၈၀) ကာလ တစ်ဘဝ အတွင်းလေး၊ မိမိတို့ သားမယား၊ သားသမီးတွေ စည်းစိမ် ချမ်းသာ ခံစားရဖို့၊ တစ်ဝမ်းတစ်ခါးလေး ဝဖို့ လှဖို့အတွက် လောဘ၊ ဒေါသတွေ ပွားများကြပြီး မကောင်းမှုအကုသိုလ် ဒုစရိုက်တွေ ပြုနေကြသည်မှာ သံသရာတွင် နှစ်ပေါင်း ကုဋေကုဋာ အသင်္ချေ၊ အသင်္ချေချီပြီး ခံကြရမည်ကို မသိကြ၍ ဖြစ်ပါသည်။

တစ်ဖန် သတ္တဝါတို့၏ ဂိတ်သည် "ပ ပသွ ချမတိမနော" ဆိုသည့်အတိုင်း မကောင်းမှု၌သာ ပျော်ပိုက် လိုက်စားကြကုန်သည်။ ထိုမကောင်းမှု၌ ပျော်ပိုက် လိုက်စားသူမှာ ငရဲကြီး ရှစ်ပြည်ထောင် သို့ သွားကြရန် စာရိတ် စုဆောင်းသည် မည်ပါသည်။ ငရဲဘုံကြီးများ သည် သတ္တဝါတို့၏ အမြဲနေရာ ကိုယ်ပိုင်အိမ်ကြီးနှင့်တူပါသည်။ လူ့ပြည်နတ်ပြည် စသော

သုဂတိဘုံများသည်ကား ခေတ္တ ခဏ တည်းခိုရသော ဟော်တယ်အိမ်ငှားနှင့် တူကြပါသည်။

ထို့ကြောင့် ငရဲဘုံ၊ ငရဲအကြောင်း ခံစားရပုံ အဆင့်ဆင့်တို့ကို ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းစွာသိရှိ သဘောပေါက်နားလည်ကြပြီး လောဘ၊ ဒေါသဟူသော အကုသိုလ်ဒုစရိုက်တရားများကို ထိန်းသိမ်းကြပြီး အပါယ်ငရဲဘေးမှ ကင်းဝေးအောင် ကြိုးစားအားထုတ် ကြစေလိုပါသည်။

ဤသည်မှာ စာရေးသူ၏ အဓိက ဆန္ဒမွန် ဖြစ်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ရေးသားထုတ်ဝေရန် မေတ္တာရပ်ခံလာသော မြတ်ပန်းရဂုံစာပေမှ ဦးခင်မောင်ဦးအားလည်းကောင်း၊ စာမူများ ကူးယူရေးသားပေးကြသော သမီးကြီး မစန္ဒာလင်းနှင့် သမီးလတ် မခင်သူဇာတို့ အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

တက္ကသိုလ် သျှင်သီရိ
(မဟာစရိယ၊ ဘီအေ)

ဦးကိုကိုမြိုင်
အမှတ် စ-၅၅၊ သုနန္ဒာ (၃)လမ်း
စ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။

မြတ်ပန်းရဂုံစာပေ

# အခန်း (၃)


ငရဲကြီးခြံရံငရဲငယ်အရံ -------------------- ၅၈

အရံငရဲငယ်များ -------------------- ၅၈

ဘင်ပုပ်ငရဲ -------------------- ၅၉

ပြာပူငရဲ -------------------- ၆၀

လက်ပံတောငရဲ -------------------- ၆၂

သန်လျက်တောငရဲ -------------------- ၆၅

ကြိမ်ပိုက်ချောင်းငရဲ -------------------- ၆၅

ငရဲငယ်များစွာရှိပါသည် -------------------- ၆၈

နေမိမင်းတွေ့ခဲ့ရသောငရဲများ -------------------- ၇၀

၁။ ကြိမ်ပိုက်ချောင်းငရဲ -------------------- ၇၁

၂။ ချေးစားငရဲ -------------------- ၇၂

၃။ မီးလျှံငရဲ -------------------- ၇၃

၄။ မီးကျီးငရဲ -------------------- ၇၄

၅။ ပထမကြေးနီငရဲအိုး -------------------- ၇၅

၆။ ဒုတိယကြေးနီငရဲအိုး -------------------- ၇၅

၇။ ဖွဲပြာငရဲ -------------------- ၇၆

၈။ မြားလုံငရဲ -------------------- ၇၆

၉။ သားတစ်ငရဲ -------------------- ၇၇

မြေမျိုခံရစိဉ္စမာနဝိကာပရဗိုဇ်မ ---------------- ၁၅၅
မြေမျိုခံရသုပ္ပဗုဒ္ဓသကျမင်း ------------------ ၁၆၃
သဘင်သည်တို့ကျရာငရဲဘုံ ------------------ ၁၆၉
ပဒုမငရဲခံရသူ ကောကာလိက ------------------ ၁၇၃
အရှင်လတ်လတ်ငရဲပစ်ချခံရသောရေဝတီ --------- ၁၈၀
ရှင်သာရိပုတ္တရာဦးခေါင်းကိုပုတ်ခတ်၍
ငရဲခံရသော နန္ဒဘီလူး -------------------- ၁၈၈
ဥပ္ပလဝဏ်ထေရီကိုဖျက်ဆီး၍ငရဲခံရသောနန္ဒလုလင် -- ၁၉၀
ရဟန္တာကိုနှိပ်စက်၍ငရဲခံရသောရွဲသမား ---------- ၁၉၃
အဝီစိငရဲခုနစ်ရက်ခံရသောမလ္လိကာမိဖုရား -------- ၁၉၇
ရောရုဝငရဲခံရသောသူဌေးကြီး ----------------- ၂၀၂
သူ့သားမယားပြစ်မှားလိုသောကောသလမင်းနှင့်
ငရဲရောက်သူဌေးသားလေးယောက် ------------- ၂၀၆
အရှင်လတ်လတ်ငရဲခံရသောစုန္ဒဝက်သတ်သမား ---- ၂၁၅

## ကမ္ဘာအောက်ခံလေထုကြီး

ကမ္ဘာကြီးကို ထမ်းဆောင်သည့်ပိုးထားသော လေထုကြီးသည် ယူဇနာပေါင်း (၉၆၀၀၀၀) (ကိုးသိန်းခြောက်သောင်း) အထုရှိသည်။ အနံအလျားအားဖြင့် အဆုံးမရှိသော စကြဝဠာ (အနန္တစကြဝဠာ)နှင့် တစ်ဆက်တည်း ရှိလေသဖြင့် အပိုင်းအခြားမရှိ ကျယ်ဝန်းလှပါသည်။ အပိုင်းအခြားမရှိပါ။

အထက်ကောင်းကင်၌ နေလ၊ နက္ခတ်တာရာ တို့သည် အခုအခံ မရှိ တည်နေသကဲ့သို့ ဤမြေကြီးသည်လည်း အခုအခံမရှိသော လေအပြင်၌ တည်နေပါသည်။

လူ့ပြည်မှ နေပြီး အထက်သို့ မော်ကြည့်လိုက်လျှင် ထိန်ထိန်တောက်ပ လင်းနေသော နက္ခတ်၊ တာရာတို့ကို မြင်ရသကဲ့သို့ ကမ္ဘာမြေထု၊ ရေထုတို့ အောက်ကနေ၍ လေအပြင်ထဲကနေ မော်ကြည့်လိုက်လျှင် ရေရောင်တို့ဖြင့် တောက်ပပြောင်လက်လျက် တည်ရှိနေသော ဤကမ္ဘာမြေကြီးကို မြင်ရပါသည်။

## လေပြင်ထက်မှရေပြင်ကြီး

ကမ္ဘာကို ခံထားသော လေပြင်ကြီး အထက်ဝယ် ရေပြင်ကြီး တည်ရှိလျက် ရှိပါသည်။ ယင်း ရေပြင်ကြီးသည်

ကြီးက ဖုံးအုပ်ထားရှိသည်။ ထို့ကြောင့် ကမ္ဘာကိုခံသော ရေသည် အောက်ကလည်း လေ၊ ဘေးပတ်လည်ကလည်း လေ၊ အထက်က ကျောက်ဖျာအားဖြင့် ရေစစ်အတွင်း၌ထားသော ရေကဲ့သို့ အလုံးစုံဘင်ပိတ်ကြီး ဖြစ်နေ လေသည်။

## မြေထုနှင့်စကြဝဠာ

ကမ္ဘာကိုခံသော ရေပြင်ကြီး၏ အပေါ်၌ မြေထုကြီးတည် ရှိသည်။ ယင်းမြေထုကြီးသည် ရေထု၏ ထက်ဝက်မျှရှိ၍ ယူဇနာပေါင်း (၂၄၀၀၀၀) (နှစ်သိန်းလေးသောင်း) အထုရှိသည်။ ဤမြေပြင်ကြီးသည် တစ်ခုတစ်ခုသော စကြဝဠာ အဖို့အဖို့အားဖြင့် အပိုင်းအပိုင်းကြီးများ ဖြစ်၍တည်ရှိနေသည်။

ဤရေပေါ်၌ တည်နေသော မြေပိုင်းတစ်ခုကို စကြဝဠာတစ်ခုဟု ဆိုပါသည်။ တစ်ခုတစ်ခုသော စကြာဝဠာ အဝန်းအဝိုင်းသည် ဗီလာတည့်တည့် ဖြစ်၏။ တိုင်းတာသည်ရှိသော် ဗျက်ယူဇနာပေါင်း တစ်သန်းနှစ်သိန်းသုံးထောင်လေးရာ့ငါးဆယ် (၁၂၀၃၄၅၀) ရှိသည်။ အဝန်းအဝိုင်းလိုက် ပတ်လည်တိုင်းတာသည်ရှိသော် ယူဇနာပေါင်း သုံးသန်းခြောက်သိန်း တစ်သောင်းသုံးရာ့ငါးဆယ် (၃၆၁၀၃၅၀) ရှိ သည်။

(စက်ဝန်းစက်ဝိုင်းကဲ့သို့ ရေမှ ပေါ်နေသည့်အရာကို စက္ကဝါဠ - စကြဝဠာဟု ခေါ်သည်။)

ရေအပြင်၌ လင်ပန်းတွေကို ချထားက အဝိုင်း အဝိုင်း စက်ဝန်းတွေကဲ့သို့ ပေါ်လောမျော၍ နေသည်ကို တွေ့ရပါမည်။ ထိုနည်းတူ စကြဝဠာဟု ခေါ်သော ကမ္ဘာဝိုင်းတွေသည် ရေအပြင်၌ အဝိုင်းဝိုင်းတွေ ဖြစ်၍ ပေါ်လောမျောနေပါသည်။

အာကာသခေတ်အတွင်း အပြည့်ရှိသော ကမ္ဘာရေပြင်ကြီးမှ ပေါ်၍ ပေါ်၍ နေကြသော မြေဝိုင်းကလေးတွေကို စက္ကဝါဠ - (စကြဝဠာ)ဟု ခေါ်ဆိုရာ ဗြဟ္မာပြည် အကနိဋ္ဌဘုံမှနေ၍ အောက်ရှိ ကမ္ဘာဝိုင်းတွေကို ကြည့်လိုက်လျှင် ရေအပြင်၌ ဥ၍ ထားသော ဖားဥကလေးတွေကို မြင်ရဘိသကဲ့သို့ ရေအပြင်၌ ပေါ်လော ပေါ် နေသော စကြာဝဠာကမ္ဘာမြေဝိုင်းကလေးတွေကို အလင်းမြင်ရလိမ့်မည် ဖြစ်သည်။

စကြဝဠာ တစ်ခုတစ်ခုသည် မြေဖြင့် ထည့်ထားအပ်သော ကျောက်ခွက်များနှင့်လည်း တူပါသည်။ ကျောက်ခွက်၏ နှုတ်ခမ်း လက်ရမ်းကဲ့သို့ စကြဝဠာ၏ လက်ရမ်း ဝရန်တာ နှုတ်ခမ်း ခေါ်သော စကြဝဠာ တောင်များလည်းရှိသည်။ ထိုစကြဝဠာ တောင်သည် ကမ္ဘာရေ၏အထက် ကျောက်မြေနှင့် တစ်ဆက်တည်း တစ်သားတည်း နံပါးဝန်းကျင် ပတ်လည် တစ်လျှောက်

- အရှေ့နံရံမှထသော မီးတောက်မီးလျှံသည် အနောက်နံရံထိ စွဲ၏။
- အနောက်နံရံမှထသော မီးတောက်မီးလျှံသည် အရှေ့နံရံထိ စွဲ၏။
- မြောက်နံရံမှထသော မီးတောက်မီးလျှံသည် တောင်နံရံ ထိစွဲ၏။
- တောင်နံရံမှထသော မီးလျှံသည် မြောက်နံရံထိစွဲ၏။
- အောက်ကမီးလျှံက အထက်ထိ၊ အထက်က မီးလျှံက အောက်အထိစွဲ၏။
- တံတိုင်းအမိုးတို့မှ ပြင်ဘက်သို့ ဖြာထွက်သောမီးလျှံသည် ယူဇနာ တစ်ရာတိုင်တိုင်ရောက်သည်။
- ငရဲအတွင်းဝယ် တွင်းတွေ၊ ကျင်းတွေ၊ ဖုတွေ၊ ထစ်တွေ၊ ဆူးကြောင့်ခလုတ်တွေ၊ သင်မုန်းမား စီထားသော မြေတွေ သာ များသည်။
- ရေများသည် ကျိုက်ကျိုက်ဆူနေသော မြစ်ရေ၊ ချောင်းရေ တွေသာရှိသည်။
- သစ်ပင်များသည် သန်လျက်ချွန်တွေ၊ မီးဟုန်းဟုန်း တောက်နေသော သံဆူးပင်တွေသာ ပေါက်နေသည်။[၁]

---
၁။ သံကိစ္စဇာတကပါဠိ

## ငရဲကြီးရှစ်ထပ်ပုံ

ပကာတိ မီးပူထဲသို့ ကျောက်တုံးကြီး မဆိုထားဘိ၊ ကျောက် ခဲငယ် ပစ်ချသော်မှ ကျောက်ခဲငယ်ကို ပြာမှုန့် ဖြစ်အောင် မပြုနိုင်ပေ။

ငရဲမီးသည် ကျောက်ဖျာကြီးကို ပစ်ချလိုက်လျှင်ပင် တစ်ခဏချင်း ပြာမှုန့်ဖြစ်ကာ ကြေညက်ခြင်းသို့ ရောက်သွားသည်။

ကျောက်တုံးကျောက်ဖျာကြီးများ ငရဲပူမီးကြောင့် ကြေညက် ပျောက်ပျက်သွားနိုင်ပေမယ့် ငရဲသတ္တဝါတို့သည် များစွာသော နှစ်များပတ်လုံး ငရဲခံရ၊ ကျက်ရကုန်သော်လည်း ကြေပျက်ပျောက်ပျက် ခြင်းသို့မရောက်ပေ။

ဥပမာအားဖြင့် ဆိုသော် ရေဌ ကျင်လည်ကြ ကုန်သော မကန်း၊ မိကျောင်း၊ ငါးများနှင့် ခရုတို့သည် ကျောက်ခဲ၊ ကျောက်စရစ်တို့ကို မျိုကြကုန်၍ ဝမ်းတွင်းသို့ရောက်သော် ကြေညက်သွားကြသည်။

သို့သော် ထိုသတ္တဝါတို့၏ ဝမ်းဌတည်သော ပဋိသန္ဓေ တို့သည်ကား ကြေညက်ခြင်းသို့ မရောက်ကြပေ။

ခြသေ့၊ ကျားတို့သည် ရန့်ရင်းကုန်သော အရိုးအသား တို့ကို စားသော်လည်း ကြေညက်ခြင်းသို့ ရောက်၏။ သို့သော်

ထိုသတ္တဝါတို့၏ ဝမ်းတွင်းတည်သော သန္ဓေသားသည်ကား ကြေညက်ခြင်းသို့ မရောက်ပေ။

ထိုနည်းတူပင် ကံတရားက အထူးစီရင်ထားအပ်သော ငရဲသတ္တဝါတို့သည် များစွာနှစ်ပတ်လုံး ငရဲ၌ခံရကျက်ရသော်လည်း ကြေညက်ပျောက်ပျက်လေ့ မရှိပေ။　　(မိလိန္ဒ ၄၄)

ထို့ကြောင့် ဘုရားရှင်က "ငရဲသတ္တဝါတို့အား အကြင်မျှလောက်မကောင်းမှုကံသည် ကုန်ဆုံးခြင်းသို့ မရောက်သေး။ ထိုမျှ လောက်ကာလပတ်လုံး ငရဲသတ္တဝါသည် သေခြင်းမပြု"ဟု ဟောတော် မူသည်။[၁]

ငရဲမီး ပူပြင်းပုံကား ဘုရားရှင် ပရိနိဗ္ဗာန် စံယူတော်မူပြီးနောက် မလယမထေရ်သည် ငရဲမီး ဘယ်လောက်ပူပြင်းပါလိမ့်မည်နည်း၊ သိလိုပါသည်ဟု ဆရာကို လျှောက်ထားသည်။ ဆရာမထေရ်က အရည်အစေးအားကြီးသော ထင်းစိုလုံးတစ်စီးတိုက်ကို ကျောက်ဖျာပေါ်မှာ စုပုံစေ၍ မီးတိုက်စေသည်။ မီးမလောင်နိုင်ရှိသည်။

---

၁။ သောနတာဝကာလံကရောတိ
ယာဝနတံပါပကမ္မံဗျန္တိ ဟောတိ

မြတ်ပန်းရဂုံစာပေ

များစွာသော ပင်ပန်းခြင်းတို့သည်လည်း ဖြစ်သည်။ ဤသို့ ဖြစ်သော်–

"ငါသည် ပညာရှိတို့ စကားကို နားမထောင်၊ လူမိုက်နှင့် ပေါင်း၍ မကောင်းမှုကို များစွာ ပြုမိခဲ့ချေ၏"ဟု အဖန်တလဲလဲ စိုးရိမ်၏။ ထိုသူအား ဆင်းရဲဒုက္ခ အာရုံ၌ ဒေါသဇောမပြတ် ဖြစ်နေရ၏။ ထိုဒေါသဇောသည် ရှေးကပြုခဲ့သော အကုသိုလ်အား အထောက်ပံ့ပြု၍ အားအသစ်ကို တိုးဆင့်ပေး၏။ ထို့ကြောင့် ထိုသူအား အကုသိုလ်တရားသည် တိုးပွားပြန်သဖြင့် အသက် ရှည်သော အဖြစ်ကို ပေးပြန်သည်။

ထိုခံရသော ငရဲ၌ အသက်ကုန်ပြန်သော် တစ်ပါးသော၊ အကျိုးမပေးသေးသော မကောင်းမှုသည် အကယ်၍ ရှိနေပါမူ ထို မကောင်းမှုသည် ထိုသူအား လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် မျက်စိတစ်မှိတ်မျှ သက်သာခွင့်မပေးဘဲ အခြားငရဲ၌ ကျရပြန် သည်။

မကောင်းသော ဘုံဘဝ ငရဲသို့ ရောက်သော သူအား ဘဝများစွာ တို့၌ ပြုအပ်သော မကောင်းမှုတို့သည် တစ်ခုသော ဘဝ၌ ပေါင်းစည်း စုဝေးလျက် ကံတစ်ခု ကုန်သော် ကံတစ်ခု၊ ဤသို့အားဖြင့် များစွာသော အကုသိုလ်တို့သည် အခွင့်ရ ကုန်သည်။

ဤအကြောင်းကြောင့် အပါယ်၌ အသက်ရှည်ရပါသည်။

ခံစားဖို့ရာ အကျဉ်းထောင်များ တည်ရှိသကဲ့သို့ သတ္တဝါတို့ တည်နေရာ ဤ ကမ္ဘာမြေအတွင်းဝယ် မကောင်းမှု ဒုစရိုက် ကျူးလွန်သူတို့ ကျရောက် ခံနေရန် ငရဲဘုံများ၊ ငရဲထောင်များ တည်ရှိသည်။ ထိုငရဲဘုံ၊ ငရဲ ထောင်တို့ သည်ကား သတ္တဝါတို့၏ ကံသာလျှင် အရင်းခံ၍ ဥတု ကြောင့် ဖြစ်နေသော (ကမ္မပစ္စယ) ဥတုဇရုပ်တရားများ ဖြစ်ကြ သည်။

အပါယ်ဘုံဆိုသည်မှာ - ကုသိုလ်ကောင်းမှုဟု သမုတ်အပ်သော ဒါန စသည့် ဝတ္ထု ပြုစုစရာ ချမ်းသာ မင်္ဂလာမှ ကင်းသော အရပ်သည် အပါယ်ဘုံ ဖြစ်သည်။

ငရဲဘုံဆိုသည်မှာ - ကြီးပွားကြောင်း ချမ်းသာကုသိုလ် မင်္ဂလာမှ အလျဉ်းမရှိ၊ ကင်းစင်သော သဘောရှိသော နေရာသည် ငရဲဘုံဟု ဆိုပါသည်။ ဤဘုံတွင် ငရဲသူ ငရဲသားတို့သည် ပူလောင် တုန်ခိုက် ဆင်းရဲခြင်းသို့ ဆိုက်ကုန်လျက် အမြဲမပြတ် တုန်တုန်လှုပ်လှုပ် ငုပ်ချည်ပေါ်ချည် စသည် မပြတ် ဆင်းရဲ အထပ်ထပ်တို့ဖြင့် မပြတ်ခံနေရသော သဘောရှိသည်။ ချမ်းသာ မရှိ ဆင်းရဲအတိဖြစ်ရာ အရပ်သည် ငရဲဘုံဟု ခေါ်ပါသည်။

## ငရဲသနင်းယမမင်း

လူ့ဘုံဝယ် အစိုးရတရားသူကြီး မင်းများ ရုံးထိုင်သလို ယမမင်းတို့သည် ငရဲဘုံ၏ တံခါးလေးဘက်၌ ရုံးစိုက်ကြပြီးလျှင် ငရဲရောက်လာကြသူများကို စစ်ဆေးမေးမြန်းကြသည်။ ယမမင်းသည် တစ်ယောက်မကလောက လူ့ပြည်ရှိဒေသဆိုင်ရာ တရားရုံး အသီးသီး၌ တရားသူကြီးများ ရှိသကဲ့သို့ ယမမင်း အများအပြား ရှိလေသည်။

ထိုယမမင်းတို့သည် စတုမဟာရာဇ်နတ်တို့တွင် အပါ အဝင်ဖြစ်သော ဝေမာနိကပြိတ္တာမင်းတို့ကိုပင် ယမမင်းဟု ခေါ်ကြသည်။ ယင်းတို့သည် တစ်ခါတစ်ရံ နတ်စည်းစိမ်ကို ခံစားရ၍ တစ်ခါတစ်ရံ မကောင်းမှုကံ အကျိုးကို ရိုးရိုး ပြိတ္တာများကဲ့သို့ပင် ခံစားရရှာသေးသည်။

ယမမင်းတို့သည် ငရဲသို့ ရောက်လာသူတိုင်းကို အစစ် အဆေး ပြုလုပ်ကြသည် မဟုတ်ပါ။ အကုသိုလ်ကြီး၍ (ဥပမာ ပဥ္စာနန္တရိယကံ ထိုက်သူများ) ပြစ်မှု ထင်ရှားသူတို့မှာ အစစ် အဆေးမရှိ တစ်ခါတည်း ငရဲသို့ ကျရလေသည်။ အကုသိုလ် နည်းပါးသူများအတွက် လွတ်လိုလွတ်ငြား အနေအားဖြင့် ယမမင်းထံ အစစ်အဆေး ခံခွင့်ရလေသည်။

ယမမင်းကိုယ်တိုင် စဉ်းစား၍မရသော အခါတွင် ယမမင်း သည် ဆိတ်ဆိတ်နေလေတော့သည်။ ထိုအခါ ငရဲသားကို ငရဲထိန်း တို့က ယူဆောင်သွားကြပြီး ငရဲဘုံ အကုသိုလ်ကံ အလိုက် နှိပ်စက် ညှဉ်းပန်းကြတော့သည်။

## ငရဲထိန်းဟူသည်

ငရဲထိန်းဟူသည် စတုမဟာရာဇ် နတ်မျိုး အပါအဝင် နတ်ဘီလူး၊ နတ်ရက္ခိုက်များ ဖြစ်ကြလေသည်။ ထိုငရဲထိန်းတို့၏ အလုပ်သည် အနည်းငယ်သော အကုသိုလ်ကံဖြင့် ကျရောက်လာ သူများကို ယမမင်းထံ ပို့ပေးခြင်း၊ ငရဲသို့ ကျရောက်ပြီးသော သူများကို အာဏာပါးကွပ်သားတို့ကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ်ရိုက်နှက်ညှဉ်းဆဲခြင်း အလုပ်တို့ကို ပြုလုပ်ဆောင်ရွက် ကြရ လေသည်။

ငရဲမီး စသော အန္တရာယ်တို့သည် ကံကြောင့်ဖြစ်ရသော (ကမ္မပစ္စယ) ဥတုဇရုပ်တရားများ ဖြစ်ရကား ငရဲခံရသူတို့သာ ပူလောင်၍ ငရဲထိန်းတို့မှာ မပူလောင်ချေ။

၂။ ပြာပူငရဲ

၃။ လက်ပံတောငရဲ

၄။ သန်လျက်အရွယ်ရှိသော အသိပတ္တသစ်ပင်တော ငရဲတို့ ဖြစ်သည်။

ဤသို့အားဖြင့် ဥဿဒ ငရဲငယ်ပေါင်း (၄)ပါးစီ ရှိသည်။ အရပ်လေးမျက်နှာဖြင့် မြှောက်ပွားပါက ငရဲကြီး တစ်ထပ်လျှင် ငရဲငယ် (၁၆)ထပ် ရှိသည်။ ယင်းငရဲငယ် (၁၆)ထပ်ကို ငရဲကြီး (၈)ထပ်နှင့် မြှောက်ပါက (၈ X ၁၆ = ၁၂၈) ရှိပါသည်။

တနည်းအဆို ဥဿဒ ငရဲငယ်သည် (၅)မျိုး ရှိသည်ဟု ဆိုပါသည်။ ယင်း (၅)မျိုးမှာ မူလငရဲငယ် (၄)ပါးထဲသို့ -

"အဆူးရှိသော ကြိမ်နွယ်တို့ဖြင့် ပြုံးပြွမ်း၍ သံရေပူ၊ ကြေး ရေပူတို့ဖြင့် ပြည့်သော ဝေတ္တရဏီမြစ်ငရဲ"ဟူသော ငရဲငယ် တစ်ပါး ထပ်ပေါင်းထည့်ပါက ငရဲငယ် (၅)မျိုး ရှိသည်ဟု ဆိုပါသည်။ ယင်းကို အရပ်လေးမျက်နှာဖြင့် မြှောက်ပွားပါက ငရဲကြီး တစ်ထပ်လျှင် ငရဲငယ် (၂၀)ရှိပါသည်။ ယင်းငရဲငယ် (၂၀)ကို ငရဲကြီး (၈)ထပ်နှင့် မြှောက်လျှင် အခြံအရံ ငရဲငယ်ပေါင်း (၁၆၀) ရှိပါသည်။

ယင်းကမ္ဘာချောက်ကြီးထဲသို့ ကျရောက်ရသော ငရဲသားတို့ကို လောကန္တရိတ် ငရဲသားဟု ခေါ်သည်။

## လောကန္တရိတ်ငရဲကျခံရသူများ

ဤငရဲသို့ ကျရောက်နိုင်သော သူများမှာ ကျေးဇူးကြီးလှသော မိဘနှစ်ပါးကို ဆဲရေးတိုင်းထွာခြင်း၊ အော်ခြင်း၊ ငေါက်ခြင်း၊ မထေမဲ့ မြင်ပြုခြင်း၊ မရိုမသေပြုခြင်း အပြစ်ကို ဝန်ချတောင်းပန် ကန်တော့မှု မရှိခြင်း စသော အပြစ်များကို ကျူးလွန်သော သားဆိုး သမီးဆိုးများသည် ထိုငရဲသို့ မုချ ကျရောက်ရသည်။

ထို့ပြင် တရားဓမ္မ ကျင့်ကြံ ကြိုးကုတ် အားထုတ်နေသော ရဟန်းမြတ် သူတော်ကောင်းများကို ပြစ်မှား စော်ကားကျူးလွန်သူများနှင့် နေ့စဉ်နေ့တိုင်း သတ္တဝါတို့ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင် နိုင်ထက်ကလူ ပြုခြင်း စသော မကောင်းမှု ဒုစရိုက်ပြုသူများသည် ဤငရဲ၌ ကျရောက်ခံစားရသည်။ အဋ္ဌကထာ၌ ဥပမာပြထားသည်မှာ နာဂသူပုန်ကြီးနှင့် အဘယသူပုန်ကြီးတို့သည် ဤငရဲ၌ ကျရောက် သည်ဟု ဆိုပါသည်။

## ငရဲသတ္တဝါတို့ ခံစားရပုံ

ဤငရဲ၌ ကျရောက်ကြကုန်သော သတ္တဝါတို့သည် ခန္ဓာကိုယ် သုံးဂါဝုတ်ရှိသည်။ လင်းနို့သတ္တဝါတို့နှင့် တူသည်။ သူတို့၏ ခြေသည်း၊ လက်သည်းများသည် ရှည်ကြသည်။ သစ်ပင်၌ လင်းနို့များ ကပ်နိုင်ချိတ်နိုင်၊ တွယ်နိုင်သကဲ့သို့ ထိုငရဲသားများသည် စကြဝဠာ တံတိုင်း၌ ချိတ်တွယ်နေကြရလေသည်။ အစာရေစာ မရှိကြ၊ အချင်းချင်း မမြင်ရသဖြင့် တစ်ကောင်နှင့်တစ်ကောင် ထိခိုက်မိသောအခါ ငါ့အစာဟု မှတ်ထင်ကာ အချင်းချင်း ကိုယ်စားကြသည်။

ထိုအခါ စကြဝဠာ နံရံချိတ်ထားရာမှ ပြုတ်ကျပြီး ရေထဲ ကျကြသည်။ အေးမြသော ရေထဲတွင် မြေ့မြေ့ကြေ၍ သေကြရသည်။ တစ်ဖန် လင်းနို့သဖွယ် ပြန်ဖြစ်ပြီး ကံမကုန်မချင်း ခံစားနေကြ ရလေသည်။

## ၁။ သိဉ္စိုဝ်းငရဲ

ငရဲကြီးရှစ်ထပ်တွင် သိဉ္စိုဝ်းငရဲသည် အထက်ဆုံး ဘုံငရဲ ဖြစ်ပြီး လူ့ပြည်နှင့် အနီးဆုံးဖြစ်သည်။ ထိုငရဲဘုံနှင့် လူ့ပြည်သည် ယူဇနာပေါင်း တစ်သောင်းငါးထောင် (၁၅၀၀၀) ကွာဝေးသည်။

ကမ္ဘာပတ်လုံး တည်သော ရဲရဲညီးသော အမှုန့်အမှုန့် ဖြစ်သော ပြာပူတို့ဖြင့် ပြည့်လျှံနေသော ပြာပူပင်လယ်ကြီး ဖြစ်သည်။

ပြာပူတို့၏ အပူအရှိန်သည် အတွင်းအပြင် ယူဇနာ (၁၀၀)စီ ပျံ့နှံ့သည်။ ထိုအတွင်း ကျရောက်သော သူတို့သည် ခဏချင်းပင် ကျွမ်းစေနိုင်သည်။

## ငရဲခံစားရပုံ

နှစ်ပေါင်းများစွာ ဘင်ပုပ်ငရဲ၌ ခံပြီး၍ ကံအားလျော့စွာ ဘင်ပုပ်ငရဲမှ ကျွတ်လွတ်၍ လာကြကုန်သော ငရဲသားတို့သည် ဤပြာပူငရဲထဲသို့ ကျရောက်ရပြန်သည်။ ကျရောက်ဆဲ ခဏတွင် ပင်လျှင် ရဲရဲပူသော ပြာ၌ချအပ်သော မုန်ညင်းစေ့၊ နှမ်းစေ့များသည် ဖျစ်ဖျစ်မြည်၍ ပေါက်ကုန်သကဲ့သို့ လည်းကောင်း၊ ရဲရဲညီးသော ပြာပူ၌ ချအပ်သော ကောက်ညှင်းစေ့တို့သည် 'ဘောင်း ဘောင်း ဘောင်း' မြည်ကာ ပေါက်ကုန်သကဲ့သို့လည်းကောင်း၊ ကြီးစွာသော ငရဲသားတို့၏ ခန္ဓာကိုယ်သည် ပြင်းစွာ မြည်လျက် ပေါက်ကွဲကြသည်။ ဖုံးဆံကွဲရာ အစိတ်စိတ် အမွှာမွှာ ကွဲသကဲ့သို့ အရိုးအသားတို့သည် အစိတ်စိတ် အမွှာမွှာ ကွဲကြေ လွင့်စင်ကုန်သည်။ ရိုးတွင်းဆီကို ဆက်လက်လောင်ကျွမ်းရာ

လက်ပံပင်ပေါ်တွင် ဆင်ခေါင်တမျှကြီးသော ကျီး၊ လင်းတ တို့ ရှိသည်။ အောက်တွင် ခွေးနက်ကြီးတို့ တည့်ရှိသည်။

## ငရဲခံစားကြရပုံ

ပြာပူငရဲမှ နှစ်ပေါင်းများစွာခံစားကြရပြီးနောက် ကျွတ်လွတ် ခွင့်ရလာသော ငရဲတို့သည် ညွှင်ငရဲတွင် ခံစားခွင့်ရှိက ညွှင်ငရဲသို့ ဆက်လက် ဝင်ရောက်ခံစားကြရသည်။ လက်ပံတော ငရဲသို့ ဝင်ရောက် မိသည်နှင့် တစ်ပြိုင်နက် ကြမ္မာလေတို့သည် တိုက်ခတ်သဖြင့် ဓား လှံအတိပြီးသော လက်ပံရွက်တို့သည် ငရဲသားတို့ခေါင်းပေါ်သို့ ဓားမိုး လှံမိုးရွာသကဲ့သို့ ကျရောက် ကုန်သည်။

ထိုဓားမိုး၊ လှံမိုးဒဏ်ကြောင့် ငရဲသားတို့သည် သွေးခဲ သွေးတုံး အတိဖြစ်ကြရလေသည်။ အချို့သော လက်ပံရွက်တို့သည် ငရဲသားတို့၏ ခန္ဓာကိုယ်တို့၌ တန်းလန်းစူးဝင်နေကြသည်။ ထိုသို့ အတိဒုက္ခရောက်နေစဉ် ငရဲခွေးနှင့် ကျီးလင်းတတို့က ထိုးဆိတ် စားသောက် ရန်လိုက်ကြသည်။ ငရဲသားတို့သည် ကြောက်လန့်သဖြင့် ပြေးရာအောက်မှ သင်ခုန်းဓားတို့က ခြေတို့ကို ဖြတ်ချသဖြင့် ဘိုင်းဘိုင်း ကြီးလဲကျကြသည်။

ယင်းမြစ်ချောင်းရေသည် အလွန်စပ်ငန်သည်။ ကြေးနီပူရေ ဟူ၍လည်း ခေါ်သည်။ အဟုန်ပြင်းစွာ စီးဆင်းသည်။ ရေပြင် ထက်ဝယ် အဝန်းလုံးပမာဏရှိ အလွန်ဆူးရှသော သံဆူးသံချွန်တို့ ဖြင့် ပြည့်သော ကြိမ်နွယ်တို့ရှိသည်။ ယင်းတို့သည် ပိုက်ကွန်သဖွယ် လိမ်ယှက်၍ ကမ်းနှစ်ဘက်ကို ကူးယှက်ကာတည်ရှိသည်။

ယင်းကြိမ်နွယ်တို့ အောက်၌ ပေပင်လုံး၊ ထန်းပင်လုံး ပမာဏရှိသော အလွန်ထက်သော အသွားရှိသော သံတံကျင်တို့သည် မြေပြင်တစ်ခုလုံး၌ စိုက်ထူးထားလျက်ရှိသည်။ ရေပြင်တစ်ခုလုံးကို သင်မှုန်းဓားကဲ့သို့ ထက်မြက်သော ကြာရိုးကြာရွက်တို့သည် တည်ရှိသည်။ မြစ်၏ ဝဲယာ–ကမ်းတစ်လျှောက်ဝယ် အလွန်ထက်မြက်သော အစွယ်ရှိသော သံငြောင့်တို့ ထောင်ထားသကဲ့သို့ ထက်မြက်သော အဖျားရှိသော သမန်းမြက်တော၊ ဖောင်းကားမြက်တောနှင့် ကလိမ်ပင်တော၊ ကြိမ်ပင်တောတို့သည် ပေါက်ရောက်နေသည်။

## ငရဲ၌ ခံစားကြရပုံ

သန်လျက်တောငရဲမှ ကံအားလျော်စွာ လွတ်လာကြကုန်သော ငရဲသားတို့သည် ဤကြိမ်ပိုက်တောငရဲသို့ ကျရောက်ကြပြန်သည်။

ဖျားဝယ် ကားလျား မှောက်ခုံ တုန်တုန်လှုပ်လှုပ် လူးလွန့်၍ နေကြရသည်။

တစ်ဖန် အဟုန်နှင့် စီးသောရေက သံတံကျင်မှ လွတ်စေပြီး ရေပြင်၌ရှိသော ဆူးအပြည့်ရှိသော ကြာရွက်ပေါ်တို့သို့ ကျရောက် ကြပြန်လေသည်။ ထိုအခါ ခန္ဓာကိုယ်တစ်ခုလုံးသည် စုတ်ကြီးဖြင့် ထိုးဆွ၍ ထားအပ်ကုန်သကဲ့သို့ သွေးခဲအတိ၊ သွေးခဲအတုံးများ ဖြစ်ကြလေသည်။ တစ်ကိုယ်လုံးမှာ မစုတ်ပြတ်သော အရေဟူ၍ မရှိပေ။

တစ်ဖန် ထိုကြာဖက်မှ အောက်သို့ ဆက်ကျပြန်ရာ အလွန်ငန်စပ်သော မြစ်ရေထဲသို့ ပေါလောမျောကျရောက်ကြပြန်သည်။ ထိုအခါ မသေမရှင်ဓားဖြင့် မွှန်းထားသော ငါးကို ဆားငြုပ်ရေထဲသို့ ချလိုက်သကဲ့သို့ အထူးနာကျင်သော ဆင်းရဲကို ခံစားကြရလေသည်။

ဤငရဲ၌လည်း ကံမကုန်သမျှ ဥပပတ်ဇာတိအားဖြင့် ပြန်၍ဖြစ်ကာ အကြိမ်ကြိမ် အဖန်ဖန် ခံစားကြရလေသည်။

## ငရဲငယ်များစွာရှိပါသည်

ငရဲငယ်များနှင့်ပတ်သက်၍ သိရှိရတနာပုရမည်သော မုတ္တမမြို့၌ ဆင်ဖြူရှင်ဗညားဦးမင်း၏ အမိဖြစ်သော သုဘဒ္ဒါမဟာ

ကြသည်။ ကျီးကန်းကြီးများကလည်း သံနှုတ်သီး တို့ဖြင့် ထိုးဆိတ်ဖောက်စားကြသည်။

## ပြုခဲ့သည့် အကုသိုလ်

ဤငရဲ၌ လူဖြစ်စဉ်အခါက မိမိကိုယ်တိုင်လည်း မလှူရက် မတန်းရက် နှမြောဝန်တိုလျက် သူတစ်ပါးလှူဒါန်းသည်ကို လည်း တားမြစ်ပိတ်ပင်သူ များ၊ ရဟန်းပုဏ္ဏားတို့ကိုလည်း ရေရွတ်ရှုံ့ချ ထိပါး ပုတ်ခတ်ပြောဆိုသူ များသည် ဤငရဲ၌ ခံစားကြရသည်။

## (၃) မီးလျှံငရဲ

ထိုငရဲ၌ ငရဲကောင်တို့သည် တစ်ကိုယ်လုံးမီးလျှံတွေ တောက် လျက် အလျှံတပြောင်ပြောင် တောက်သော သံမြေပြင်၌ ပြေးလွှား သွားနေကြရသည်။ ငရဲသားတို့ကထပန်းပင်လုံးခန့် ရှိသော သံတုတ်ကြီးဖြင့် စေ့စေ့ညက်ညက်တစ်ကိုယ်လုံး ကြေအောင် လိုက်ရိုက်ကြသည်။

## ပြုခဲ့သည့်အကုသိုလ်

ဤငရဲ၌ လူဖြစ်စဉ်အခါက အပြစ်မဲ့သော ယောကျ်ား၊ မိန်းမတို့ကို နှိပ်စက်ညှဉ်းဆဲသော သူ တို့သည် ကျရောက်ခံစားရ သည်။

## (၄)မီးကျီးငရဲ

ဤငရဲ၌ ငရဲထိန်းတို့သည် ခြံထဲမဝင်လိုသော နွားတို့ကို အတင်းရိုက်နှက်၍ ခြံထဲသွင်းသကဲ့သို့ ငရဲကောင်တို့ကို မီးလျှံတောက်သော သံချောင်းတို့ဖြင့် အတင်းရိုက်နှက်ကာ မီးကျီးတွင်းသို့ သက်ဆင်းခိုင်းသည်။ ငရဲကောင်တို့သည် မီးကျီးတွင်းထဲ၌ ခါးထိအောင် မြုပ်နေကြရသည်။ ငရဲထိန်းတို့က သံခြင်းတောင်းကြီးတို့ဖြင့် မီကျီး တို့ကို ယူလာပြီး အပေါ်က လောင်းချကြပြန်သည်။ ငရဲကောင်တို့သည် ပူလောင်လွန်းလှသဖြင့် မီးကျီးမီးခဲတို့ကို လက်ဖြင့်ခံပြီး အခြားသို့ ကြဲပစ်ကြရာ အချင်းချင်း၏ ခေါင်းပေါ်သို့ ကျလေသည်။

## ပြုခဲ့သော အကုသိုလ်

ဤငရဲ၌ လူဖြစ်စဉ်အခါက စုပေါင်းပြီး ကုသိုလ်ကောင်းမှုပြု လုပ်ကြမည်ဟု အသင်းအပင်းဖွဲ့၍ ငွေစုပြီးလျှင် ထိုငွေကို မည်သည့်ကိစ္စအတွက် မည်မျှလှူသည်ဟု စာရင်းလိမ်ပြလျက် မိမိကိုယ်ကျိုး အတွက် သုံးပစ်ကြသော လူယုတ်မာများခံစား ကြရသည်။

ရဟန်းတော်များ၊ ရဟန္တာများကို သ . ါဖြတ်သော သူများသည် ကျရောက်ခံစားကြရ သည်။

## (၁၂) သံမြားကောက်ငရဲ

ထိုငရဲတွင် ငရဲထိန်းတို့သည် ထန်းပင်လုံးခန့်ရှိသော မီးလျှံ တောက်နေသော သံမြားကောက်(ငါးမျှားချိတ်)တို့ဖြင့် ငရဲကောင်တို့၏ လျှာကို ချိတ်ဆွဲ၍ ထုတ်ပြီးလျှင် ခြစ်ခြစ် တောက်ပူသော သံမြေပြင်တွင် ဖြန့်လျက် နွားရေကြက်သကဲ့သို့ သံငုတ်များဖြင့်ရိုက်ကာ ဖြန့်ကြက်ကြသည်။ ငရဲကောင်တို့သည် ကုန်းပေါ်တွင်တင်ထားသော ငါးကဲ့သို့ ဖျပ်ဖျပ်လူးကာ ငိုကြွေး မြည်တမ်းလျက်ခံနေရသည်။

## ပြုခဲ့သည့် အကုသိုလ်

ဤငရဲဘုံ၌ လူဖြစ်စဉ်အခါက အချို့က ပွဲစားဖြစ်၍ ကုန်ကို တန်ဖိုးဖြတ်ရာ၌ ဝယ်သူဘက်မှ တန်ဖိုးထားကာ အပြောချို သာစွာဖြင့် တစ်ရာတန်ကို ငါးဆယ်ဟု တန်ဖိုး ဖြတ်ကြသူများဖြစ်ကြသည်။ အချို့က အလေးခိုးသည့် မရိုးသား သော ဈေးသည်များဖြစ်ကြသည်။ သူတို့သည် ထိုသို့ ကောက်ကျစ်စဉ်းလဲကြသော်လည်း ငါးကို သတ်စားရန် ငါ ဖာ

ထိုကြာဖက်တို့၏ အောက်၌ကား မီးအလျှံတောက်နေသော ဆားငန်ရေသည် တက်ရေ ကျရေကဲ့သို့ အထက်စီးလိုက်၊ အောက်စီးလိုက် ဖြစ်နေ၏။ ထိုငရဲ၏ အထက်အမိုး၌မူ ခက်ရင်း(ခရင်း)ပမာဏ အဆူးထသော ကြိမ်နွယ်တို့ဖြင့် ဖုံးအုပ်လျက်နေလေသည်။

## ငရဲခံရပုံ

ထိုငရဲအနီး၌ ရောက်လာသူတို့ကို မီးအလျှံတောက်၍ နေသော သန်လျက်၊ ခက်ရင်း၊ တင်းပုတ် ကိုင်ထားသော ငရဲထိန်းတို့က ပထမဆုံး သတ်ပုတ်ညှဉ်းဆဲကြကုန်၏။ ထိုအခါ ထိုအညှဉ်းအဆဲကို မခံနိုင်၍ ပြေးကြသူတို့သည် ဝေတရဏီငရဲ၏ အမိုးဖြစ်သော မီးအလျှံတောက်နေသော ခက်ရင်းအခွကဲ့သို့ ဆူးထနေသော ကြိမ် နွယ်တို့အပေါ်သို့ ကျရောက်ကုန်၏။ ထိုအမိုးပေါ်မှ တဖြည်းဖြည်း အောက်ခံရေသို့ ကျရောက်ကြရလေသည်။ အောက်ခံရေသို့ မရောက်မီ မီးအလျှံ၏ ပူလောင်ခြင်း၊ ဆူးတွေ၏ ထိုးဆွခြင်းကို ၍ အသားတွေ အပိုင်းပိုင်းပြတ်ပြီးမှ မီးအလျှံထနေသော အောက်ခံဆားငန်ရေဝယ် စုန်ချည် ဆန်ချည် မျောလျက် ပါဏာတိပါတကံ၏အစွမ်း မကုန်မချင်းခံကြရလေသည်။

အသင်းဖြစ်သည်။ ဘုရားလောင်းသည်ကား ပုရောဟိတ် ကပိလဖြစ်သည်။ ကပိလတွင် သားတစ်ယောက်ရှိသည်။

စေတိယမင်းသည် တက္ကသိုလ်၌ ကောရကလမ္ဗနှင့် အတူတူ ချစ်ကျွမ်းဝင်၍ ပညာသင်စဉ် ငါသည် မင်းဖြစ်က သင့်ကို ပုရောဟိတ် ရာထူးပေးမည်ဟု ကတိပြုခဲ့သည်။

စေတိယမင်းသား မင်းဖြစ်သောအခါ ဘုရားလောင်း ပုရောဟိတ် ကပိလကို ရာထူးမှ မချနိုင်။ ပုရောဟိတ်ကပိလကမူ မိမိ၏ ရာထူးကို သားအားလွှဲကာ ရသေ့ရဟန်းပြုသွားလေသည်။

ကောရကလမ္ဗသည် ပုရောဟိတ်ရာထူးကို မရသော ကြောင့် သူ၏ နောင်တော် ပုရောဟိတ်ဟောင်း ကပိလအပေါ်၌ ရန်ငြိုးဖွဲ့သည်။ ထိုးစံမှာ ပုရောဟိတ်ရာထူးမှာ နောင်တော်သာ လက်ကိုင်သာ ဖြစ်သည်။ နောင်တော်ကခွင့် မပြုသမျှ ထိုရာထူးကို အတင်းအဓမ္မ မပြောင်းလွှဲနိုင်ချေ။

သို့ဖြစ်၍ ဘုရင်နှင့် ကောရကလမ္ဗသူငယ်ချင်းနှစ်ယောက် မှာ အခက်ကြုံကြရတော့သည်။ တစ်နေ့တွင် ထိုရာထူးအတွက် စဉ်းစားကြရင်း ဘုရင်က သူငယ်ချင်းကို-

" ကောရကလမ္ဗ ရာထူးအတွက် မပူနဲ့၊ ငါကိုယ်တိုင် ပရိသတ်အလယ်မှာ သင့်ကို အစ်ကိုကြီး၊ သင်၏ နောင်တော်ကို အငယ်ဟု မှသားပြောမည်။ ဤသို့ဆိုလျှင် သင်ကအကြီးဖြစ်၍ ရာထူးကို ရခွင့်ရှိသည်"

"မင်းမြတ်၊ မုသားမပြောပါနဲ့၊ အမှန်ကို ပြန်ပြောလျှင် သင်၏ တန်ခိုးဣဒ္ဓိများ မူလအတိုင်းရှိပါလိမ့်မည်"

"အသင်ရသေ့က ငါ့ကို တန်ခိုးဖြင့် လှည့်ပတ်ကြသည်။ ငါကတော့ နောက်ဆုတ်လိမ့်မည်မဟုတ်။ သင်ရသေ့က အငယ်။ ကောရကလမ္ဗက အကြီးပါ"

မုသားဒုတိယအကြိမ်ပြောပြန်သည်။ ဤသို့ပြောပြီး နောက် ခြေမျက်စိထိအောင် ခြေနှစ်ချောင်း မြေသို့ ဝင်သွားသည်။

"မင်းမြတ်၊ မုသားမပြောပါနဲ့။ မုသားပြောလျှင် မိုးလေမှာလည်း မမှန်မကန်ဖြစ်ကာ သတ္တဝါများဆင်းရဲတတ်ပါသည်။ မှန်မှန် ပြောပါ–ဘယ်သူ အကြီးလဲ"

မင်းသည် ငါ့နန်းငါထိုင် မခိုင်ကျိုးဟာ–– ဟူသော သဘောဖြင့်–

"သင်ကအငယ်၊ ကောရကလမ္ဗကအကြီးဖြစ်ပါတယ်" ဟု တတိယအကြိမ် မုသားစကားပြောပြန်သည်။ ထိုစကား အဆုံးတွင် ဒူးဆစ်အထိ မြေသို့ဝင်သွားလေသည်။

"မင်းမြတ်–မုသားပြောသူတို့မှာ မြွေများလို လျှာနှစ်ခွ ဖြစ်တတ်ပါတယ်၊ မှန်မှန်ပြင်ပြောလျှင် နဂိုရ်အတိုင်းဖြစ်နိုင် ပါသေးတယ်။ မှန် မှန်ပြောပါ၊ ဘယ်သူကအကြီးပါလဲ"

"သင် ရသေ့က အငယ်၊ ကောရကလမ္ဗကအကြီးပါ"

"သင်ရှေ့က အငယ်၊ ဂေါရကလပ္ပက အကြီးပါ"

ဤကာစ်ကြိမ် မှသားစကားပြောအပြီးတွင် အဝီစိမှ မီးတောက် မီးလျှံတို့သည် တက်လာပြီး မင်းကို အဝီစိသို့ သယ်ယူဆောင်သွားကြလေသည်။

(အဋ္ဌကနိပါတ်စေတီယဇာတ်)

## သတ္တိသူ လောင်ရဲ့ ခံရသော အစ္ဆုနမင်း

အစ္ဆုနမင်းသည် မဟိသကတိုင်း ကာကရာဇဋ္ဌာနီ မင်းနေပြည်၌ မင်းပြုလေသည်။ ထိုမင်းသည် လက်ရုံးတစ်ထောင် အားရှိသည်။

အစ္ဆုနမင်းသည် တစ်နေ့ တောသို့သွားပြီး သမင်တို့ကို သတ်ဖြတ်စားလျက် လှည့်လည်သွားနေသည်။

တစ်နေ့ အစ္ဆုနမင်းသည် သမင်တို့သွားလာရာအရပ်၌ တောအုံ ပြုပြီး သမင်တို့ကို ချောင်းမြောင်း စောင့်နေသည်။

ထိုအချိန်တွင် အင်္ဂီရသဂေါတမရသေ့သည် အစ္ဆုနမင်း သမင်ချောင်းနေသောအနီးရှိ ကံပြင်းပင်ထက်သို့ တက်၍ သစ်သီးကို ခူး၊ သူသည် အသီးခူးပြီးသော သစ်ခက်တို့ကို အောက်သို့ ပစ်ချလွှတ်သည်။ ထိုသစ်ခက်ပစ်ချသံကြောင့် သမင်တို့သည် လန့်ဖျတ်ထွက်ပြေး ကုန်ကြသည်။

"ငါအိမ်ပြန်လျှင် မျက်နှာအောင်းရရန် ဤမျောက်မင်းကို သတ်၍ ယူသွားရချေသော် ကောင်းလှ၏"

ဤသို့ တွေးခေါ်ပြီးလျှင် အသက်သခင် ကျေးရူးရှင် မျောက်မင်းကို အနီးရှိ ကျောက်ခဲဖြင့် ထုသတ်လေသည်။

မျောက်မင်းသည် ခဏချင်း အိပ်ရာမှ နိုးလတ်၍ အလွန်နာကျင်လှသောကြောင့် သစ်ပင်ပေါ်သို့ အမြန်ခုန်တက် ပြေးရလေသည်။ မျောက်မင်းသည် သစ်ခက်များ၌နေလျက်-

"အိုယောကျ်ား-သင်ကား ယုတ်မာလေစွ၊ သို့သော် သင့်ကို ငါပြန်နိုင်သည်အထိ လမ်းကိုတော့ ပြပေးပါမည်။ သင့်ကို ကြောက်လှ၍ ငါသည် အောက်သို့ မဆင်းဝံ့တော့ပါ။ သစ်ပင်များမှ တစ်ပင်မှတစ်ပင် ကူးပြီး လမ်းပြသွားပါမည်။ သင်သည် မြေကြီးကပင် လိုက်ပါ လာပါတော့"

မျောက်မင်းသည် ဦးခေါင်းသွေး တစ်စက်စက် ကျလျက် ပုဏ္ဏားမိုက်ကို လူတို့လမ်းခရီး အရောက် ပို့ပေးလေသည်။

ပုဏ္ဏားသည် အသက်ကို ကယ်ဆယ်ခဲ့သော အဆွေ ခင်ပွန်းကောင်း မျောက်မင်းကို ပစ်မှားမိခဲ့သောကြောင့် နူနာ စွဲကပ်ကာ မျက်မှောက်ဘဝ၌ပင် လူပြိတ္တာ ဖြစ်ရလေသည်။

ထိုပုဏ္ဏားသည် ခုနစ်နှစ်တို့ ကားလပတ်လုံး ဆင်းရဲ ပင်ပန်းစွာ လှည့်လည်သွားလာနေရင်း တစ်နေ့ ဗာရာဏသီပြည်ရှိ

မိဂါဓိန် ဥယျာဉ်သို့ ရောက်သွားသည်။ ဥယျာဉ်တံတိုင်းကြား၌ ငှက်ပျော ဖက်တို့ကိုခင်း၍ အိပ်ရင်း ဆင်းရဲဝေဒနာကို မချိမဆံ့ ခံစားနေရ လေသည်။

ဗာရာဏသီမင်းသည် ဥယျာဉ်သို့ လှည့်လည်လာစဉ် ထိုပုဏ္ဏား လူပြိတ္တာကို တွေ့လေသည်။

"သင်ကား အဘယ်သူနည်း၊ အဘယ်မကောင်းမှုကံပြု၍ ဤသို့သော ဆင်းရဲဝေဒနာကို ခံစားနေရပါသနည်း"

"မြတ်သောမင်းကြီး၊ လိမ္မာသော သူတို့သည် ပြောကြားသော အခြင်းအရာဖြင့် ကျွန်ုပ်သည် အရှင်မင်းကြီးကို လျှောက်ထားပါမည်။ လောက၌ မှန်သောစကားကို ဆိုလေ့ရှိသော သူတို့ကို ပညာရှိတို့သည် ချီးမွမ်းကြပါကုန်၏" စသည်ဖြင့် စကားပလ္လင်ခံ လျှောက်ထားပြီး မိမိ၏ ဘဝဖြစ်စဉ် အလုံးစုံကို လျှောက်ထားပြလေသည်။

နောက်ဆုံး ပုဏ္ဏားက မင်းကြီးကို-

"မြတ်သောမင်းကြီး အရှင်မင်းကြီးအား ကောင်းခြင်း မင်္ဂလာ ဖြစ်ပါစေ။ ဤအရပ်သို့ စည်းဝေး ရောက်လာသော သင်တို့သည် အဆွေခင်ပွန်းကောင်းကို မပြစ်မှားကြကုန်လင့်။ အဆွေခင်ပွန်းကောင်းကို ပြစ်မှားသောသူသည် အလွန် ယုတ်မာ လှ၏။ မြတ်သောမင်းကြီး အဆွေခင်ပွန်းကောင်းကို ပြစ်မှားသော

သူသည် ယခုပစ္စုပ္ပန်၌ပင် နှုနှာ၊ ခရသင်း၊ သမင်ယက်တို့ စွဲကပ်ခံရ၏။ တမလွန်ဘဝ၌ ငရဲကျခံရမည်မှာ သေချာလှပါသည်။

ပုဏ္ဏားပြိတ္တာသည် ဤသို့ အကျယ်တဝင့် လျှောက်ထားနေစဉ်မှာပင် အဝီစိမှ ငရဲမီးလျှံတို့သည် မြေကိုခွဲကာပေါ်ထွက်လာပြီး ပုဏ္ဏားမိုက်ကို အဝီစိသို့ သယ်ဆောင်သွားလေသည်။

(တိံသနိပါတ်မဟာတပိဇာတက)

◆ ◆ ◆ ◆ ◆ ◆ ◆

ထိုသင်းခွဲသော သံဃာတော်များကို ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့က ပြန်လည် ဟောပြောပြီး ပြန်ခေါ်ခဲ့ရာ ဒေဝဒတ်၏ တပည့် ကောကာလိကရဟန်းက စိတ်ဆိုးပြီး အိပ်နေသော ဒေဝဒတ် ၏ ရင်ဝ (အရိုက်)ကို ဒူးနှင့်တိုက်ပြီး နှိုးရာ ဒေဝဒတ် သွေးအံရလေ သည်။

ဒေဝဒတ်သည် ကိုးလကြာ မကျန်းမမာ ဖြစ်ကာ နောက်ဆုံး အချိန်ဝယ် ဘုရားရှင်ကို ဖူးမြော်လိုသည်ဖြစ်၍ ဘုရာရှင်ထံ ပို့ပေးရန် မိမိ၏ တပည့်များကို တောင်းပန်သည်။

တပည့်များက ပထမ မပို့ပေးကြပေ။ အတန်တန် တောင်း ပန်မှ တပည့်များက ညောင်စောင်းငယ်ဖြင့် ထမ်းယူပြီး ရာဇဂြိုဟ်မှ သာဝတ္ထိ ဇေတဝန်ကျောင်းသို့ လာခဲ့ကြသည်။

ရှင်ဒေဝဒတ်လာကြောင်း သတင်းစကား ကြားရ၍ ရဟန်း တို့က ဘုရားရှင်ကို လျှောက်ထားကြသည်။

"ဒေဝဒတ်သည် ယခုဘဝ၌ ထိုကိုယ်ဖြင့် ငါဘုရားကို ဖူးမြော်ခွင့် လုံးဝမရတော့ပါ"ဟု မိန့်ကြားသည်။

ဒေဝဒတ် ခရီးစဉ် နီးလာတိုင်း နီးလာတိုင်း ရဟန်းတို့က ဘုရားရှင်ကို ရှင်ဒေဝဒတ် ဆယ်ယူဇနာခရီး ရောက်နေပါပြီဟု လျှောက်ကြသည်။ ဘုရားရှင်က –

"ဒေဝဒတ်ကား ငါဘုရားကို ဘယ်နည်းနှင့်မျှ ဖူးမြော်ခွင့် ရလိမ့်မည်မဟုတ်"

ဟူ၍သာ မိန့်ကြားခဲ့သည်။

ဒေဝဒတ်ကို သယ်ဆောင်လာသော ရဟန်းတို့သည် ဇေတဝန်ကျောင်းအနီး ရေကန်နား၌ ရေချိုးလိုသော ဆန္ဒ ဖြစ်ပေါ်၍ ခေတ္တချပေးရန် ပြောသည်။ တပည့်များက ချပေးသည်။

ဒေဝဒတ် ခြေထောက် မြေသို့ ချကာမျှပင် သူ၏ ခြေများသည် မြေကြီးအတွင်းသို့ ဆွဲငင်၍ မရလောက်အောင် ဝင်သွားကြလေသည်။

ဤသို့ မြေမျို၍ မေးရိုးမြေသို့ဝင်မည့် ဆဲဆဲတွင် ဘုရားရှင်ကို အောက်ပါအတိုင်း ဆိုပြီး ရှိခိုးသည် -

"သေချိန်နီးကပ် ကျွန်ုပ် ဒေဝဒတ်သည် ဤအရိုးတို့ဖြင့် လည်းကောင်း၊ ဤကျန်ရှိနေသေးသော အသက်ဖြင့်လည်းကောင်း လောကဝယ် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသော သမ္မုတိနတ် ဥပပတ္တိနတ်တို့ထက် မြင့်မြတ်ထွန်းပြောင် အခေါင် ဥက္ကဋ္ဌ ဝိသုဒ္ဓိနတ် ဖြစ်တော်မူထသော ဆုံးမသင့်သူ၊ နတ်လူဗြဟ္မာ သတ္တဝါတို့ကို ဓမ္မရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးပြီး ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော သဗ္ဗညုတ ဉာဏ်တော်နှင့်လည်း ကောင်းစွာ ပြည့်စုံထသော အရာမက

"ကျွန်မ သွားမည့်အရပ်ကို သိသဖြင့် သင်တို့မှာ အဘယ် အကျိုးရှိပါလဲ"ဟု ထင်ရှားဖွယ်ရာ စကားကို ပြောကြား၍ ဇေတဝန် ကျောင်း အနီး တိတ္ထိတို့ ကျောင်း၌ ညအိပ်သည်။

နံနက်စောစောထပြီးလျှင် သာဝတ္ထိ ပြည်သူပြည်သားတို့ ဘုရားရှင်ကို စောစောလာဖူးရန် ထွက်လာသူတို့နှင့် ဆုံမိရန်နှင့် ထိုသူတို့က မိမိကို ဇေတဝန်ကျောင်း၌ အိပ်သည်ဟု ထင်စေရန် စီမံပြီး ပြန်လာလေ့ရှိသည်။ လမ်းတွင် တွေ့သူတို့က-

"သင်ညက ဘယ်မှာအိပ်ပါသလဲ"ဟု မေးကာ-

"ကျွန်မအိပ်သည့် နေရာကို သိသဖြင့် ဘာအကျိုး ရှိပါလဲ၊ ဘာမှ အကျိုးမရှိပါဘူး၊ မသိချင်ပါနဲ့"ဟု ပြန်ဖြေ တတ်သည်။

ဤနည်းနှင့် နေ့စဉ်သွားလာ လှုပ်ရှားခဲ့ရာ လခွဲ၊ တစ်လခန့် လွန်လာသည်။ လူအများက ရှေးနည်းတူ မေးလာသောအခါ-

"ကျွန်မက ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်ထဲမှာ ရဟန်း ဂေါတမနှင့် ညဥ့်အိပ်နေခဲ့ရပါသည်"ဟု စွပ်စွဲစကား ပြောကြားစ ပြုလာသည်။

ထိုသို့ ပြောဆိုခြင်းဖြင့် ထိုစကား ကြားရသူ ပုထုဇဉ် လူသာမန်တို့ စိတ်ဝယ် ဤအကြောင်းသည် မှန်များ မှန်လေ

မြတ်ပန်းရဂုံစာပေ

